Inya
Economics

11 December, 2019

SURVEY
RESEARCH NO.2

# ပြင်ဆင်သတ်မှတ်လိုက်သော
# လျှပ်စစ်ဓာတ်အားခနှုန်းထားအသစ်က အိမ်ထောင်စုများအတွက်
# ဝန်ထုပ်တစ်ခုလို ဖြစ်စေသလား။



Source: https://www.alamy.com

Authors – Su Myat Thadar & Yun Shwe Yee

Edited by Sann Linn Aung

# ပြင်ဆင်သတ်မှတ်လိုက်သော လျှပ်စစ်ဓာတ်အားခနှုန်းထားအသစ်က အိမ်ထောင်စုများအတွက် ဝန်ထုပ်တစ်ခုလို ဖြစ်စေသလား။

ဆုမြတ်သဒ္ဒါ[1]၊ ယွန်းရွှေရည်[2]

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ဆဲ နိုင်ငံဖြစ်သည့်အလျောက် နိုင်ငံတော်ရေရှည်တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး အကောင်အထည် ဖော်နိုင်ခဲ့သော စီမံကိန်းများရှိပြီးသကဲ့သို့ တိုးချဲ့လုပ်ဆောင်ရန် လိုနေသေးသော လုပ်ငန်းများ၊ ကဏ္ဍများလည်း ကျန်ရှိနေသေးသည်။ ထိုကဏ္ဍများအနက်မှ လျှပ်စစ်ကဏ္ဍသည် လူသားများအတွက် တစ်ထောင့်တစ်နေရာမှ အကျိုးပြုလျက်ရှိသည်။ မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍ တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်နိုင်ခဲ့သော အစီအစဉ်များရှိသကဲ့သို့ မဖြစ်မြောက်ခဲ့သော စီမံကိန်းများလည်း ရှိသေးသည်။ လျှပ်စစ်သည် ကျွန်ုပ်တို့၏ ခေတ်သစ်စီးပွားရေးနှင့် လူနေမှုပုံစံ စသည်တို့အတွက် အလွန်အရေးကြီးသော သော့ချက်ဖြစ်သည်။ ထို့ကြောင့် လျှပ်စစ်သည် ဖွံ့ဖြိုးတိုးတက်မှုအားလုံးတို့အတွက် အရေးပါ အရာရောက်သည်ဆိုလည်း မမှားပေ။

## မြန်မာနိုင်ငံ၏ လျှစ်စစ်အခြေအနေနှင့် အရင်းအမြစ်

မြန်မာနိုင်ငံတွင် စီးပွားရေးနှင့်စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ အိမ်သုံးစက်ရုံသုံးလျှပ်စစ်ဓာတ်အားပမာဏ လိုအပ်ချက်မှာလည်း မြင့်တက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ ပင်မလျှပ်စစ်ဓာတ်အား အရင်းအမြစ်ကို ရေအားလျှပ်စစ်မှရရှိပြီး သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့မှလည်းထုတ်ယူရရှိသည်။ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်စက်ရုံ ၁၇ ရုံ၊ အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံ ၁၅ ရုံ ရှိပါသည်။ သို့သော် အထူးသဖြင့် အသုံးပြုသောလျှပ်စစ်စွမ်းအင်ကိုမူ ရေအားလျှပ်စစ်စက်ရုံများမှ အဓိကရယူပါသည်။ [3]

မြန်မာနိုင်ငံတွင်အသုံးပြုနေသော လျှပ်စစ်ဓာတ်အားပမာဏ၏ ၅၆% ကို ရေအားလျှပ်စစ်စွမ်းအင်မှ ထုတ်ယူရရှိပြီး ကျန်၄၄% မှာ အပူစွမ်းအင်မှ ထုတ်လွှတ်ပေးနေခြင်း ဖြစ်သည်။ သို့သော် ရေရရှိမှုအခက်အခဲနှင့် ရေသိုလှောင်နိုင်အား အကန့်အသတ်ပမာဏအရ နွေရာသီတွင် ဓာတ်အားထုတ်လုပ်နိုင်မှုမှာ ၃၀% မျှသာထုတ်လုပ်နိုင်ပြီး ကျန်ကာလများတွင် ၆၆% မှ ၇၅% အထိ ထုတ်လုပ်နိုင်ပါသည်။ အပူစွမ်းအင်

[1] ဆုမြတ်သဒ္ဒါသည် Inya Economics ၏ အလုပ်သင်တစ်ယောက်ဖြစ်ပြီး Myanmar Imperial University တွင် စီးပွားရေးစီမံခန့်ခွဲမှုဘာသာရပ်ကို တတ်ရောက်နေသူဖြစ်သည်။ အီးမေးလ်မှာ racheltd@gmail.com ဖြစ်သည်။

[2] ယွန်းရွှေရည်သည် Inya Economics ၏ အလုပ်သင်တစ်ယောက်ဖြစ်ပြီး National Management Degree College တွင် စီးပွားရေးစီမံခန့်ခွဲမှုဘာသာရပ်ကို တတ်ရောက်နေသော တတိယနှစ်ကျောင်းသူဖြစ်သည်။ အီးမေးလ်မှာ jasmine.ysy@gmail.com ဖြစ်သည်။

ယခုလေ့လာမှုအတွက် ကိန်းဂဏန်း၊ အချက်အလက်များ ကောက်ယူပေးခဲ့သော Inya Economics မှ မိမေပြည့်စိုး (လက်ထောက်သုတေသီ)နှင့် ခင်မေဦး (အလုပ်သင်) တို့အား အထူးကျေးဇူးတင်ပါသည်။

[3] https://news-eleven.com/news

ဖြစ်သော သဘာဝဓာတ်ငွေ့မှ မြန်မာနိုင်ငံရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစွမ်းအင်၏ ၂၅% ခန့်စာ ထုတ်လွှတ်ပေးနိုင်သည်။ တခြားအပူစွမ်းအင်တစ်မျိုးဖြစ်သော ကျောက်မီးသွေးမှလည်း လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲမှုလည်း ရှိသည်။ သို့သော် ကျောက်မီးသွေးသုံးလျှပ်စစ် ဓာတ်အားပေးစက်ရုံကို စတင်အသုံးပြုခဲ့သော ၂၀၁၅ခုနှစ်တွင် ခန့်မှန်းထားသော လျှပ်စစ်ပမာဏကို မထုတ်လုပ်ပေးနိုင်ခဲ့ပြီး တပ်ဆင်ထားသောစက်များ အရည်အသွေးမပြည့်မီခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကြောင့် အဆင်မပြေမှုများရှိခဲ့သည်။

## လျှပ်စစ်သုံးစွဲမှုဆိုင်ရာ မူဝါဒနှင့် လျှပ်စစ်သုံးစွဲမှု အခြေအနေ

မြန်မာတစ်နိုင်ငံလုံးတွင် ဓာတ်အားသုံးစွဲမှုနှုန်းသည် နှစ်စဉ် တိုးလာလျက်ရှိပြီး ၂၀၁၈ ခုနှစ်၌ သုံးစွဲမှုနှုန်းမှာ ၁၄ရာခိုင်နှုန်းခန့် တိုးလာလျက်ရှိသည်။ ၂၀၁၆ မှ ၂၀၁၈ ခုနှစ်အတွင်း နှစ်စဉ် မတ်လ၌ အသုံးပြုခဲ့သည့် မြန်မာနိုင်ငံ၏ အမြင့်ဆုံးလျှပ်စစ်ပမာဏမှာ ၂၀၁၆ခုနှစ် တွင် ၂၆၇၃ မဂ္ဂါဝပ်၊ ၂၀၁၇ခုနှစ်တွင် ၂၈၈၉ မဂ္ဂါဝပ်၊ ၂၀၁၈ ခုနှစ်တွင် ၃၂၉၀.၈ မဂ္ဂါဝပ်၊ အထိသုံးစွဲခဲ့ခြင်းဖြစ်ပြီး[4] ရန်ကုန်တွင် ၁၃၇၀မဂ္ဂါဝပ်၊ မန္တလေးတွင် ၅၅၀ မဂ္ဂါဝပ်ကျော်အထိ သုံးစွဲမှုရှိသည်။ [5] လျှပ်စစ်မီးအဓိက အသုံးပြုမှုသည် မြို့ပြ နှင့် ကျေးလက် ကွာဟမှုကြီးမားနေကြောင်း “၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအစီရင်ခံစာ” တွင်ဖော်ပြထားသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် လျှပ်စစ်မီးသုံးစွဲမှုပမာဏ ၁၃၅၁ မဂ္ဂါဝပ်ရှိသည့်အနက် လျှပ်စစ်မီးသုံးစွဲသူ ၁.၃ သန်းသာမီးရရှိပြီး ကျေးရွာများအနေဖြင့် ၂၁၂၆ ကျေးရွာတွင် ၁၃၀၄ ရွာသာမီးအသုံးပြုသေးသည်။ မန္တလေးတိုင်းဒေသကြီးတွင် လျှပ်စစ်မီးသုံးစွဲမှုပမာဏ ၅၅၀ မဂ္ဂါဝပ်ရှိသည့်အနက် လျှပ်စစ်မီးသုံးစွဲသူ ၀.၇ သန်းသာ မီးရရှိပြီး ကျေးရွာများအနေဖြင့် ၄၈၀၇ ကျေးရွာတွင် ၃၇၂၄ ရွာသာမီးအသုံးပြုနိုင်သေးသည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ဓါတ်အားသုံးစွဲမှု ပမာဏ ၁၁၉၃ မဂ္ဂါဝပ်ရှိသည်။ ထို့အတွက် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ၄၅၃၁ မဂ္ဂါဝပ် အထိတိုးမြှင့်သုံးစွဲမည်ဖြစ်ကြောင်း ခန့်မှန်းထားပါသည်။ ၎င်းခန့်မှန်းချက်အရ ၁၃၄၂ မဂ္ဂါဝပ် အထိထပ်မံလိုအပ်ပါမည်။ ထို့ကြောင့် နှစ်အလိုက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ တိုးတက်လာမည့် အခြေအနေကို အောက်ပါအတိုင်း ခန့်မှန်းထားပါသည်။[6]

ပုံ (၁)




ပုံ (၂)




[4] တွေ့ဆုံမေးမြန်းခန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ မြန်မာ့အလင်းသတင်းစာ ၊ ၃၁.၁.၂၀၁၈၊ စာ-၈

[5] https://news-eleven.com/news/48063

[6] တွေ့ဆုံမေးမြန်းခန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ မြန်မာ့အလင်းသတင်းစာ ၊ ၃၁.၁.၂၀၁၈၊ စာ-၈

နိုင်ငံတော်မှ သတ်မှတ်ထားသော ဥပဒေလမ်းကြောင်းများနှင့်အညီ လုပ်ငန်းများကို စီမံခန့်ခွဲခြင်းဖြင့်လျှပ်စစ်ဆိုင်ရာ ကိစ္စရပ်များကို စနစ်တကျတိုးတက် ပြောင်းလဲလာစေရန်၊ အကြီးစား လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အလတ်စားနှင့် အသေးစားလျှပ်စစ်လုပ်ငန်းများ ထုတ်လုပ်ဖြန့်ဖြူးခြင်းကို အားပေးရန်၊ လျှပ်စစ်ဓါတ်အားကို သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ အန္တရယ်ကင်းစွာ အသုံးပြုနိုင်ရန် ထို့အပြင် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သတ်၍ ပြည်တွင်းပြည်ပ ရင်းနှီးမြုပ်နှံမှုများပိုမို ကျယ်ပြန့်လာစေရန်နှင့် ခေတ်နှင့် လျော်ညီသော လျှပ်စစ်ဓါတ်အားခနှုန်းထားများ သတ်မှတ်၍ ပြည်သူလူထုအား စံချိန်စံညွှန်းနှင့်ကိုက်ညီသော လျှပ်စစ်ဓါတ်အား သုံးစွဲနိုင်စေရန် ရည်ရွယ်ထားသည်။ ထို့အတွက် လျှပ်စစ်ဥပဒေ(၂၀၁၄)ကို ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၄၄ နှင့်အညီ ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းခဲ့သည်။ ယင်းတွင် လျှပ်စစ်ဆိုင်ရာ ဓာတ်အားပေးလုပ်ငန်းနှင့် ခွင့်ပြုမိန့်များ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချရေး၊ လျှပ်စစ်ဓါတ်အားလိုင်းစနစ်များအား ကွပ်ကဲခြင်း၊ လျှပ်စစ်လုပ်ငန်းဆိုင်ရာနှင့် ပစ္စည်းကိရိယာများအား စစ်ဆေးခြင်း၊ အသေးစား အလတ်စား အကြီးစားဆိုင်ရာ လျှပ်စစ်လုပ်ငန်းများ၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်နှင့် လျှပ်စစ်ပစ္စည်း အရည်အသွေး စစ်ဆေးကြောင်းလက်မှတ်၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်သူ၊ ကော်မရှင်နှင့် လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်များနှင့် ပတ်သတ်၍ အသေးစိတ် ပြဋ္ဌာန်းခဲ့သည်။

နောက်ပိုင်း၌ ဆိုခဲ့ပါ လျှပ်စစ်ဥပဒေ (၂၀၁၄)၊ ပုဒ်မ ၄၁ နှင့်အညီ လျှပ်စစ်ဓာတ်အားခနှုန်းထား ပြင်ဆင်သတ်မှတ်ကြောင်းကို လွှတ်တော် အစည်းအဝေး အမှတ် (၇/၂၀၁၉) တွင် တင်ပြပြီး ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစတင်ကောက်ခံရန် အတည်ပြုခဲ့ သည်။ [7] ဇယား (၁) သည် ပြင်ဆင်သတ်မှတ် လိုက်သော လျှပ်စစ်ဓာတ်အားခနှုန်းထား အသစ်နှင့် အဟောင်းကို ယှဉ်တွဲဖော်ပြထားခြင်း ဖြစ်သည်။

ဇယား (၁) **ပြင်ဆင်သတ်မှတ်ပြီးသော လျှပ်စစ်နှုန်းထားအသစ်**

| Type of Consumers | | Old Rates | | New Rates | |
|---|---|---|---|---|---|
| | | Units | Kyat/unit | Units | Kyat/unit |
| Domestic Consumption | Residential Homes Religious Buildings | 1 to 100 | 35 | 1 to 30 | 35 |
| | | | | 31- 50 | 50 |
| | | | | 51-75 | 70 |
| | | | | 76-100 | 90 |
| | | 100 to 200 | 40 | 101-150 | 110 |
| | | | | 151-200 | 120 |
| | | >200 | 50 | >201 | 125 |
| | | | | | |
| Non-domestic Consumption | Companies Industries Embassies International-Organizations | 1 to 500 | 75 | 1 to 500 | 125 |
| | | 500 to 10,000 | 100 | 501 to 5,000 | 135 |
| | | | | 5,001 to 10,000 | 145 |
| | | 10,000 to 50,000 | 125 | 10,001 to 20,000 | 155 |
| | | | | 20,001 to 50,000 | 165 |
| | | 50,000 to 200,000 | 150 | 50,001 to 100,000 | 175 |
| | | | | >100,001 | 180 |

[7] လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်း၊ ၁.၇.၂၀၁၉

ယခုပြင်ဆင်သတ်မှတ်လိုက်သောနှုန်းထားအသစ်အရ လျှပ်စစ်မီတာခသည် ၂၀၁၉ နှစ်ဝက်တွင် အကြမ်းဖျင်းအားဖြင့် ၂ ဆခွဲနီးပါး မြင့်တက်သွားသည်။

**အိမ်ထောင်စုများ၏ ဝင်ငွေနှင့် လျှပ်စစ်အသုံးစရိတ်တို့အား လေ့လာဆန်းစစ်ခြင်း**

ယခုလေ့လာမှု၌ ထည့်သွင်းအသုံးပြုသော ကိန်းဂဏန်းအချက်အလက်များကို ရှိပြီးသော သတင်းအချက်အလက်များ (မီဒီယာများ၊ သက်ဆိုင်ရာ အစိုးရဌာန ဝက်ဘ်ဆိုက်များ၊ အစီရင်ခံစာများ) နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အသီးသီးမှ အိမ်ထောင်စုများအား အွန်လိုင်းပေါ်မှ ဆာဗေးကောက်ယူခြင်းဖြင့် ရရှိပါသည်။ ကျပန်းနမူနာ ကောက်ယူနည်းကို အသုံးပြုထားခြင်းဖြစ်သည်။ ဆာဗေးကောက်ယူခြင်းမှ ရရှိသော အိမ်ထောင်စုများ၏ ဖြေဆိုမှုအချက်အလက်များကို စီစစ်ပြီးနောက် ၎င်းတို့၏ ဇွန်လ (June) ၌ ရရှိသော ပျမ်းမျှတစ်လစာဝင်ငွေနှင့် ဇူလိုင်လ (July) ၌ ရရှိသော ပျမ်းမျှတစ်လစာဝင်ငွေတို့အပေါ် မူတည်ပြီး A, B, C, D, E ဟူ၍ အုပ်စု ငါးခု စသည်ဖြင့် အလွှာခွဲကာ ၎င်းတို့ပေးဆောင်ရသော ဇွန်လနှင့် ဇူလိုင်လ လျှပ်စစ်ဓာတ်အားသုံးစွဲခများနှင့် ဆက်စပ်၍ လေ့လာထားပါသည်။ ပျမ်းမျှတစ်လစာဝင်ငွေအရ ကိုယ်စားပြုထားသော အုပ်စုများမှာ အောက်ဖော်ပါအတိုင်းဖြစ်သည်။

**ဇယား (၂) နမူနာ အိမ်ထောင်စုအုပ်စု ကိုယ်စားပြုဇယား**

| ဝင်ငွေပမာဏ(ကျပ်) | အုပ်စု | ပျမ်းမျှ ဝင်ငွေ (ဇွန်) ကျပ် | ပျမ်းမျှ ဝင်ငွေ (ဇူလိုင်) ကျပ် | ပျမ်းမျှ ဓာတ်အားသုံးစွဲခ (ဇွန်) ကျပ် | ပျမ်းမျှ ဓာတ်အားသုံးစွဲခ (ဇူလိုင်) ကျပ် |
|---|---|---|---|---|---|
| ၄၀၀,၀၀၀ နှင့်အောက် | A | 320,882 | 320,882 | 15,265 | 29,471 |
| ၄၀၀,၀၀၁ - ၈၀၀,၀၀၀ | B | 580,000 | 572,867 | 12,966 | 21,280 |
| ၈၀၀,၀၀၁ - ၁,၂၀၀,၀၀၀ | C | 1,033,333 | 972,222 | 26,385 | 35,994 |
| ၁,၂၀၀,၀၀၁ - ၁,၆၀၀,၀၀၀ | D | 1,457,143 | 1,457,143 | 55,143 | 81,714 |
| ၁,၆၀၀,၀၀၁ နှင့်အထက် | E | 2,400,000 | 2,462,500 | 31,188 | 62,806 |

**ပုံ (၃) အိမ်ထောင်စုများ၏ ဇွန်နှင့် ဇူလိုင်လ လျှပ်စစ်အသုံးစရိတ်များ**



ပုံ(၃)ကို ကြည့်ခြင်းအားဖြင့် အိမ်ထောင်စုများ ပေးဆောင်ရသော ဇွန်လနှင့် ဇူလိုင်လတို့၏ လျှပ်စစ်အသုံးစရိတ်များမှာ ကွာခြားသွားသည်ကို တွေ့ရသည်။

-အိမ်ထောင်စုအုပ်စု A ၏ ဇွန်လလျှပ်စစ်အသုံးစရိတ်မှာ ၁၅,၂၆၅ ကျပ်ရှိ၍ ဇူလိုင်လတွင် ၂၉,၄၇၁ ကျပ်ရှိပြီး ရာခိုင်နှုန်းအားဖြင့် ၉၃% မြင့်တက်သွားသည်။

-အိမ်ထောင်စုအုပ်စု B ၏ ဇွန်လလျှပ်စစ်အသုံးစရိတ်မှာ ၁၂,၉၆၆ ကျပ်ရှိပြီး ဇူလိုင်လတွင် ၂၁,၂၈၀ ကျပ်ဖြင့် ၆၄% ထိမြင့်တက်သွားသည်။

-အိမ်ထောင်စုအုပ်စု C ၏ ဇွန်လလျှပ်စစ်အသုံးစရိတ်မှာ၂၆,၃၈၅ ကျပ်ရှိ၍ ဇူလိုင်လတွင် ၃၅,၉၉၄ ကျပ်ရှိပြီး ၃၆% မြင့်တက်သွားသည်။

-အိမ်ထောင်စုအုပ်စု D ၏ ဇွန်လလျှပ်စစ်အသုံးစရိတ်မှာ ၅၅,၁၄၃ ကျပ်ရှိ၍ ဇူလိုင်လတွင် ၈၁,၇၁၄ ကျပ်ရှိပြီး ၄၈% မြင့်တက်သွားသည်။

-အိမ်ထောင်စုအုပ်စု E ၏ ဇွန်လလျှပ်စစ်အသုံးစရိတ်မှာ ၃၁,၁၈၈ ကျပ်ရှိ၍ ဇူလိုင်လတွင် ၆၂,၈၀၆ ကျပ်ရှိပြီး ၁၀၁% မြင့်တက်သွားသည်။

လစဉ်ဝင်ငွေ ကျပ် ၄သိန်းအောက် ရရှိသော အိမ်ထောင်စုအုပ်စု A ၏ ပေးဆောင်ရသော လျှပ်စစ်မီတာခမှာ ဇွန်လနှင့် ဇူလိုင်လအတွက် ကွာဟချက် ၂ဆနီးပါးရှိပြီး ထိုကဲ့သို့ကုန်ကျစရိတ်မြင့်တက်မှုမှာ အုပ်စု A ကဲ့သို့သော ဝင်ငွေနည်းပါးစွာရရှိနေသော အိမ်ထောင်စုများအတွက် ဝင်ငွေထွက်ငွေမမျှတခြင်းများ စရိတ်မလောက်ငှခြင်းများ စသော အကျိုးသက်ရောက်မှုများ ဖြစ်စေနိုင်သည်။ အိမ်ထောင်စုအုပ်စု B သည်လည်း အလားတူ လျှပ်စစ်အသုံးစရိတ်မှာ ယခင်ကထက် ထက်ဝက်ကျော်ထိ မြင့်တက် သွားကြောင်းတွေ့ရပြီး ဝင်ငွေပမာဏ အများဆုံးဖြစ်သော အိမ်ထောင်စုအုပ်စု E ၏ မီတာခအသုံးစရိတ်မှာ ၁၀၁ ရာခိုင်နှုန်းအထိပင် တိုးမြင့်သွားကြောင်း တွေ့ရသည်။ ၎င်းပမာဏများအရ မီတာခ ကုန်ကျစရိတ်များ သည် သာမန်အခြေခံလူတန်းစား များမှ ချမ်းသာသောလူတန်းစားအထိ ဝင်ငွေထွက်ငွေအပေါ် အကျိုးသက်ရောက်လျက်ရှိ ကြောင်းတွေ့ရသည်။

ဆိုခဲ့ပါ အိမ်ထောင်စုများ၏ ပေးဆောင်ရသော လျှပ်စစ်အသုံးစရိတ်များ မြင့်တက်သွားသော်လည်း ၎င်းတို့၏ ပုံမှန်ရရှိနေသော ဝင်ငွေများကို လေ့လာဆန်းစစ်ရာတွင် အိမ်ထောင်စုအုပ်စု A နှင့် D မှာ ဝင်ငွေပြောင်းလဲခြင်း မရှိသည်ကို တွေ့ရသည်။ သို့သော် အိမ်ထောင်စုအုပ်စု E တွင် ရာခိုင်နှုန်းအားဖြင့် ၂.၆% တိုးလာပြီး ဝင်ငွေအလယ်အလတ်တန်းစားဖြစ်သော အိမ်ထောင်စုအုပ်စု B နှင့် C တွင်မူ ရရှိနေသော ဝင်ငွေမှာ မူလကထက်လျော့နည်းမှု ရှိနေပြီး အုပ်စု B တွင် ၁.၂% နှင့် အုပ်စု C တွင် ၅.၉% ထိလျော့ကျသွားသည်ကို တွေ့ရှိရသည်။ ယင်းအတွက် အိမ်ထောင်စုများ၏ ဇွန်လနှင့် ဇူလိုင်လတို့တွင် ရရှိနေသော ဝင်ငွေအပေါ်တွင် လျှပ်စစ်အသုံးစရိတ်ပမာဏအား တွက်ထုတ်ကြည့်ရာတွင် အောက်ပါအတိုင်းတွေ့ရသည်။

- အိမ်ထောင်စုအုပ်စု A ၏ ပျမ်းမျှတစ်လဝင်ငွေ ၃၂၀,၈၈၂ ကျပ်ပေါ်တွင် ဇွန်လ၌ လျှပ်စစ်ခတ်အား အသုံးစရိတ်မှာ ၄.၈% ရှိပြီး ဝင်ငွေပြောင်းလဲခြင်းမရှိသဖြင့် ဇူလိုင်လတွင် ၉.၂% ထိဖြစ်လာပြီး ၄.၃% မြင့်တက်လာသည်။

- အိမ်ထောင်စုအုပ်စု B ၏ ပျမ်းမျှတစ်လဝင်ငွေ ၅၈၀,၀၀၀ ကျပ်ပေါ်တွင် ဇွန်လ၌ လျှပ်စစ်ခတ်အား အသုံးစရိတ်မှာ ၂.၂% ရှိပြီး ဝင်ငွေလျော့ကျသွားကာ လျှပ်စစ်အသုံးစရိတ်မှာ ဇူလိုင်လ ဝင်ငွေ၏ ၃.၇% ထိဖြစ်လာပြီး ၁.၅% မြင့်တက်လာသည်။

- အိမ်ထောင်စုအုပ်စု C ၏ ပျမ်းမျှတစ်လဝင်ငွေ ၁,၀၃၃,၃၃၃ ကျပ်ပေါ်တွင် ဇွန်လ၌ လျှပ်စစ်ခတ်အား အသုံးစရိတ်သည် ၂.၆% ဖြစ်ပြီး ဝင်ငွေလျော့ကျသွားကာ လျှပ်စစ်အသုံးစရိတ်မှာ ဇူလိုင်လ ဝင်ငွေ၏ ၃.၇% ထိဖြစ်လာပြီး ၁.၁% မြင့်တက်လာသည်။

- အိမ်ထောင်စုအုပ်စု D ၏ ပျမ်းမျှတစ်လဝင်ငွေ ၁,၄၅၇,၁၄၃ ကျပ်ပေါ်တွင် ဇွန်လ၌ လျှပ်စစ်ခတ်အား အသုံးစရိတ်မှာ ၃.၈% ရှိပြီး ဝင်ငွေပြောင်းလဲခြင်းမရှိသဖြင့် ဇူလိုင်လတွင် ၅.၆% ထိဖြစ်လာပြီး ၄.၃% မြင့်တက်လာသည်။

- အိမ်ထောင်စုအုပ်စု E ၏ ပျမ်းမျှတစ်လဝင်ငွေ ၂,၄၀၀,၀၀၀ ကျပ်ပေါ်တွင် ဇွန်လ၌ လျှပ်စစ်ခတ်အား အသုံးစရိတ်မှာ ၁.၃% ရှိပြီး ထပ်မံ တိုးမြင့်သွားသော ဇူလိုင်လ၏ဝင်ငွေပေါ်တွင် လျှပ်စစ်ခတ်အား အသုံးစရိတ်မှာ ၂.၆% ထိဖြစ်လာပြီး ၁.၃% မြင့်တက်လာသည်။

**ပုံ (၄) အိမ်ထောင်စုများ၏ ဝင်ငွေတွင် လျှပ်စစ်အသုံးစရိတ်ပါဝင်မှုရာခိုင်နှုန်း**




ပုံ(၄) ကိုကြည့်ခြင်းအားဖြင့် အိမ်ထောင်စုများ၏ ပျမ်းမျှတစ်လဝင်ငွေအပေါ်တွင် တွက်ချက်ထားသော လျှပ်စစ်အသုံးစရိတ်ရာခိုင်နှုန်းမှာ ဇွန်မှ ဇူလိုင်လတွင် အသီသီးမြင့်တက်သွားသည့်ကို တွေ့ရသည်။ ဤသို့ လျှပ်စစ်ခတ်အားနှုန်းထားခ တိုးမြှင့်လိုက်သည့်အတွက် အိမ်ထောင်စုအုပ်စု A ကဲ့သို့သော သာမာန်အောက်ခြေလူတန်းစားအပါအဝင် ဝင်ငွေအပိုအလျှံမရှိ/နည်းပါးသော အိမ်ထောင်စုများမှာ ဝင်ငွေထပ်မံတိုးမြှင့်လာခြင်းမရှိခင်အချိန်၌ ယခုလို လျှပ်စစ်အသုံးစရိတ် ပိုမိုပေးဆောင်ရခြင်းက ၎င်းတို့အတွက် တစ်ချို့သော လိုအပ်နိုင်သော အသုံးစရိတ်များအတွက် အကြပ်အတည်းဖြစ်စေနိုင်မှုများ ရှိလာခဲ့သည်။ နေ့စဉ်သုံးကုန်ပစ္စည်းများ အထူးသဖြင့် မီးဖိုချောင်သုံး ကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တက်နေသည့်အပြင် ယခုလျှပ်စစ်သုံးစွဲခစရိတ်များ မြင့်တက်သွားသောကြောင့် အိမ်ထောင်စုများ အပါအဝင် အစိုးရဝန်ထမ်းများ၊ လက်လုပ်လက်စားလူတန်းစားများ စားဝတ်နေရေး ခက်ခဲလာမှု ရှိလာနိုင်သည်။ တစ်နည်းအားဖြင့်ဆိုသော် နေထိုင်မှုကုန်ကျစရိတ်များ မြင့်တက်လာသည်ဟု ဆိုရပေမည်။

## သုံးသပ်ခြင်းနှင့် အကြံပြုချက်များ

ကုန်ထုတ်လုပ်မှုနှင့် စက်မှုလက်မှုလုပ်ငန်းများ စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် အတွက် လျှပ်စစ်၏အခန်းကဏ္ဍသည်လည်း အဓိကကျသောနေရာမှ ပါဝင်လျက်ရှိသည်။ ထိုနည်းတူ အိမ်ထောင်စုများ၏ စားဝတ်နေရေးကိစ္စအဝဝ တို့တွင်လည်း အရေးပါလျက်ရှိရာ နိုင်ငံတော် အစိုးရအနေနှင့် ပိုမိုကောင်းမွန်သော လျှပ်စစ်ဓါတ်အားများပေးနိုင်ရန် စီမံကိန်းများဆောင်ရွက် လျက်ရှိသည်။ ထိုကဲ့သို့လုပ်ဆောင်ချက်ကြောင့် ပြည်သူများအပေါ်တွင် အကျိုးသက်ရောက်မှုများ ရှိနေခြင်း (ယခုလို နေထိုင်မှုစရိတ် ထပ်မံမြှင့်တက်လာခြင်း)၊ လုပ်ငန်းများအတွက် လျှစ်စစ်အသုံးစရိတ် ပိုမိုကုန်ကျလာသော်လည်း တန်ဖိုးနှင့်ညီမျှသော လျှပ်စစ်ဓာတ်အားကို အပြည့်အဝ မရရှိသေးခြင်းစသော လိုအပ်ချက်များ ရှိနေသည်ကို တွေ့ရသည်။ ပြင်ဆင်သတ်မှတ်လိုက်သော နှုန်းထားအသစ်ကြောင့် ကောင်းကျိုးများလည်း တွေ့ရသည်။ ယင်းမှာ ပြည်သူများအနေဖြင့်လည်း လျှပ်စစ်မီးကို လိုအပ်သလောက်သာ သုံးစွဲခြင်း၊ စီစစ်ချွေတာစွာ သုံးစွဲလာခြင်းဖြင့် သတိမမူပဲ ဖြစ်ပေါ်လာရသော လျှပ်စစ်မီးဘေးအန္တရာယ်များကို တားဆီးထားသဖွယ် ဖြစ်စေသည်။ လျှပ်စစ်မှ အခွန်ရငွေတိုးပွားလာပြီး ပိုမိုကောင်းမွန်သော လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုနှင့် ထုတ်လုပ်မှုစွမ်းအား စဉ်ဆက်မပြတ်တိုးတက်အောင် လုပ်ဆောင်လာနိုင်ပြီး လျှပ်စစ်မရရှိသေးသော ဒေသများအတွက် လျှပ်စစ်ရရှိလာနိုင်စေခြင်းနှင့် လုပ်ငန်းများအတွက် လိုအပ်သလောက် လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးနိုင်စေခြင်းဖြင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုအားကောင်းလာနိုင်သဖွယ် ရှိမည် ဖြစ်သည်။

ထိုသို့သော အကျိုးခံစားခွင့်များ ရရှိလာနိုင်ဖို့ရန် နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်ဓာတ်အားခများ တိုးမြှင့်ကောက်ခံသည့်အလျောက် ယင်း၏တန်ဖိုးနှင့်ညီမျှမှုကို ဖြည့်ဆည်းပေးနိုင်ဖို့ရန် အရည်အသွေးရှိသည့် လျှပ်စစ်ဓာတ်အားပေးစနစ်များ အချိန်နှင့်တပြေးညီ ပြောင်းလဲပေးရန် လိုအပ်သည်။ ပြည်သူတို့ထံမှ ကောက်ခံထားသော အခွန်အခများ အလဟဿမဖြစ်စေရန် စနစ်တကျ စီမံပေးရမည်မှာ အစိုးရဝန်ကြီး ဌာနများ၏ အဓိကတာဝန်ဖြစ်ပြီး ပြည်သူများအား သတင်းအချက်အလက်များကိုလည်း အချိန်နှင့်အမျှ ထုတ်ပြန် ကြေညာပေးရန်လိုအပ်သည်။ သို့မှသာ ပြည်သူလူထုအနေနှင့်လည်း မိမိတို့ပေးရသော ငွေပမာဏနှင့် တန်သော လျှပ်စစ်ကို အသုံးပြုနေရကြောင်း နားလည်သိရှိပြီး နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာမည် ဖြစ်သည်။

---

**More Information**

inyaeconomics@gmail.com
www.inyaeconomics.com
Facebook: Inya Economics
Twitter: Inya Economics
Phone: +95 9420 107 454

The views expressed in this brief are those of the author(s) and those of editor but not necessarily those of the trustees, officers, or other staff members of Inya Economics.

© 2019 Inya Economics. All rights reserved.